## မလိုအပ်သောအရာ



'မတ်တွီမ်း' လျှမ်းလျှမ်းတောက်ကျော်ကြားလာသည့်အခါ ၄င်းထံမှ အကူအညီတောင်းခံသူများလာ၏။ တစ်နေ့တွင် မြို့ကလေးတစ်မြို့၏ မြို့ပိုင်မင်းက မိမိ၏မြို့ရှိ သချိုင်းဆောက်လက်စအုတ်တံတိုင်းကို အပြီးသတ်ဆောက်ချင်သဖြင့် ငွေကြေးထောက်ပံ့ပါရန် စာရေးမေတ္တာရပ်ခံလာ၏။ ဟာသဆရာက အောက်ပါအတိုင်းပြန်စာရေးသည်။

"သချိုင်းဆိုတာ တံတိုင်းမလိုပါဘူးဗျ၊ အထဲမှာ ရောက်နေတဲ့သူတွေ အပြင်ကိုမထွက်နိုင်ကြဘူး၊ အဲ၊ အပြင်မှာရှိနေတဲ့ လူတွေကလည်း အထဲကိုသွားဖို့ နည်းနည်းလေးမှ ဆန္ဒမရှိကြဘူးမဟုတ်လား"